**၁၀။ ပဲတောင့်ထိုးပိုး**

**Pea Pod borer: *Etiella zinckenella* (Treitschke, 1832)**

**Lepidoptera: Crambidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





နောက်အတောင်မှာ မီးခိုးရောင်ဖျော့ရှိ၍ အနားစွန်းတွင်အညိုကွက်များရှိသည်။ ပိုးလောက်ကောင်သည် စိမ်းဝါရောင်နှင့် ဝါဖျော့ဖျော့အရောင်ရှိ၍ ရုပ်ဖုံးမလုပ်မီ ပန်းရောင်သို့ပြောင်းသွားသည်။ ဖလံသည်မီးခိုးရောင်ဖြစ်၍ ရင်ပိုးသည်လိမ္မော်ရောင်ရှိသည် နောက်အတောင်၏ အတွင်းအနားစွန်းတွင်ရှည်၍ကျဉ်းမြောင်းသောအဖြူရောင်အတန်းများပါ ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





ပိုးပေါက်ဖြစ်နေသော အသီးတောင့်ကို ခွဲကြည့်ပါက ပဲစေ့ကိုစား သောက်နေ သော ပိုးလောက်ကောင်ကို တွေ့ရှိရပါသည်။ ယင်းအပေါက်၏ ဘေးပတ်လည်တွင် ပိုးလောက် ကောင် စွန့်ပစ်ထားသော ပိုးချေးများ ကိုတွေ့နိုင်ပါသည်။ အပွင့်၊အသီး များ ကြွေကျသည်။ အသီးများပေါ်တွင်လောက်ကောင်ထွက်လာသောအညိုပေါက် များ တွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (** ၄–၂၁**)** ရက် |
| လောက်ကောင်အဆင့် | **– (**၁၉–၄၀) ရက် |
| ရုပ်ဖုံး အဆင့် | **– (** ၁၂–၁၈ **)** ရက် |
| အကောင်ကြီး အဆင့် | **– (**၂၀**)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ထွန်နက်နက်ထွန်ပါ။

(၂) သက်တမ်းတိုမျိုး စောစောစိုက် ပါ။

(၃)အပင်စိပ်စိပ်မစိုက်ရပါ။

(၄)လောက်ကောင်များတွေ့ရပါကလက်နှင့်ကောက်ယူဖျက်ဆီးပါ။

(၅)တစ်ကေလျှင်ဖီရိုမုန်းထောင်ချောက်(အဖိုဖွဲ့ဆောင်ထောင်ချောက်)(၃–၅)ခုတပ်ဆင်၍ အထီးများအားဖမ်းယူပါ။

(၆)တစ်ကေလျှင်အလင်းရောင်ထောင်ချောက်(၁)ခုတပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၇)ထရိုင်ခိုဂရားမားနဂျီ (*Trichogramma*)လွှတ်ပါ။

(၈)အညွှန့်၊အဖူးဝင်ချိန်ကတည်းက ထိသေ၊စားသေ (သို့)ပင်လုံးပြန့် ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် ပက်ဖျန်းပါ။ခူးဆွတ်ခါနီးအချိန်တွင် ဓာတုပိုးသတ်ဆေးမဖျန်းရ။ (တမာပိုးသတ်ဆေး ပက်ဖျန်း နိုင်ပါ သည်။)

(၉) ပိုးသတ်ဆေးခံနိုင်ရည်ရှိသော ဖျက်ပိုးဖြစ်သဖြင့် ဆေးအုပ်စုကိုအလှည့်ကျ သုံးစွဲပါ။

(၁၀) ထိသေ၊စားသေ(သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေး အညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟောလိုသရင် (Lambda-cyhalothrin)
- အဆီဖိတ် (Acephate)
- ကလိုရမ်ထရမ်နီလီပရော (Chlorantraniliprole)
- အင်ဒိုဇာကဒ် (Indoxacarb)